ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ၈ - ၈ - ၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ရေဘေးကယ်ဆယ်ရေး။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဖူဆယ်အားကစားပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်ရန်။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့် (ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း နှင့် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်းတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက် ဆက်သွယ်သွားလာနိုင်မည့် သံလွင်မြစ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက် ဆက်သွယ်သွားလာနိုင်မည့် သံလွင်မြစ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယ ဝန်ကြီးများအားလုံး ရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသအတွင်း မရှိမဖြစ် လိုအပ်လှတဲ့ သံလွင်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေးအတွက် မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်းနေထိုင်သော ဒေသခံတိုင်းရင်းသားများသည် အခြားဒေသသို့ ဆက်သွယ်သွားလာလိုပါက ကွမ်းလုံမြို့နယ်အတွင်းပါရှိသော နမ့်တိန်ချောင်းကူးတံတားနှင့် ကွမ်းလုံကြိုးတံတားတို့ကို ဖြတ်သန်း သွားလာအသုံးပြုကြရပါတယ်။ အလားတူ ကုန်စည်သယ်ယူပို့ဆောင်ရာတွေမှာလည်း အဓိကကျလှတဲ့ တံတားနှစ်စင်း ဖြစ်ပါတယ်။ တံတားနှစ်စင်းဟာ သက်တမ်းကြာမြင့်လာပြီဖြစ်တဲ့အတွက် ပြုပြင် မွမ်းမံခြင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေရပါတယ်။ ကွမ်းလုံမြို့အဝင် ကြိုးတံတားမှာ ၁၉၆၉ ခုနှစ်မှ စတင်အသုံးပြုခဲ့သဖြင့် လက်ရှိအချိန်မှာ သက်တမ်းလွန် တံတားတစ်စင်းဖြစ်နေပြီဖြစ်ပါတယ်။

ယခု ၁၄-၅-၂၀၁၈ ရက်နေ့မှစပြီး ကွမ်းလုံကြိုးတံတားကို တန်ချိန်(၂၅)တန်အထိသာ ဖြတ်သန်းခွင့်ပြုနေရပါတယ်။ အလားတူ နမ့်တိန်ချောင်းတံတားကိုလည်း (၃၆)တန်အထိသာ ခွင့်ပြု ထားပါတယ်။ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူ မြန်ဆန်လာစေရေးအတွက် သံလွင်မြစ်ကူးတံတားတစ်စင်း အမှန်တကယ်လိုအပ်နေပါတယ်။ ဟိုပန်မြို့နယ်မှ ဟိုပန် - မော်ဟွေ့ - နောင်ဟော့ - ဟတ်လုံး လမ်းကြောင်းမှ ကွမ်းလုံမြို့သို့ တိုက်ရိုက်ဆက်သွယ်နိုင်မည့် ခန့်မှန်းပေအရှည် (၈၀၀)ခန့်ရှိသော သံလွင်မြစ်ကူးတံတား တည်ဆောက်မည့်နေရာကို ဝန်ကြီးဌာနမှ အဆို တင်ပြထား ကြောင်းကိုလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဒေသအတွင်း လိုအပ်ချက်တစ်ခုဖြစ်ပြီး အများပြည်သူအကျိုးကို အမှန်တကယ် ဖော်ဆောင်နိုင်မည့် သံလွင်မြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရေးအတွက် အောက်ပါမေးခွန်းကို ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ ဟိုပန် - မော်ဟွေ့ - နောင်ဟော့ - ဟတ်လုံး လမ်းကြောင်းအတိုင်း ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်ပေးနိုင်မည့် သံလွင်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကုန်သည်တန်း - ဗန္ဓုလ ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကုန်သည်တန်း - ဗန္ဓုလ ချောင်းကူးသစ်သားတံတားကို သံကူ

ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းရဲ့ အကြောင်းအရာကို ရှင်းပြပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ရှိ ကုန်သည်တန်းရပ်ကွက်နှင့် ဗန္ဒုလရပ်ကွက်ကြားတွင် တည်ရှိနေတဲ့ ကုန်သည်တန်း - ဗန္ဒုလချောင်းကူးသစ်သားတံတားကို ပြီးခဲ့သော အစိုးရလက်ထက် ၂၀၁၂ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ တံတား၏အခင်းမှာ သစ်သားဖြစ်ပြီး တံတား၏တိုင်မှာ ကွန်ကရစ်တိုင် ဖြစ်ပါတယ်။ အင်ဂျင်နီယာရဲ့ နည်းပညာအားနည်းချက်ကြောင့် အကျယ်ပေ (၈၀)ခန့် ရှိတဲ့ တံတားတစ်ခုမှာ တိုင်အလုံးပေါင်း (၄၈)တိုင်ထိ စိုက်ထူထားတာတွေ့ရပါတယ်။

တိုင်များနေတဲ့အတွက်ကြောင့် ချောင်းပိတ်ဆို့နေပြီး လှေသမ္ဗန်၊ ဝါးဖောင်၊ သစ်ဖောင်ငယ်များ အသွားအလာ ခက်ခဲပါတယ်။ မိုးတွင်းကာလမှာဆိုလို့ရှိရင်လည်း ချောင်းဖျားကြီးမှ မျောပါလာတဲ့ ဒိုက်ပုံ၊ အမှိုက်သရိုက်များဟာ တံတားတိုင်များကို အမှီပြုပြီး ပိတ်ဆို့သွားတာကြောင့် ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေတဲ့အပြင် အနီးပတ်ဝန်းကျင်မှာ ရေလျှံတက်မှုများဖြစ်လာတတ်ပါတယ်။ တံတား၏အခင်းမှာလည်း သစ်အရည်အသွေးညံ့တာကြောင့် ကြေမွဆွေးမြည့်လာနေပြီ ဖြစ်ပါတယ်။ တံတား၏ အချို့နေရာများမှာ တိုင်များနိမ့်ဆင်းသွားပြီး ချိုင့်ဝင်နေတာကို တွေ့ရှိရပါတယ်။

ခရိုင်မြို့တစ်မြို့အနေဖြင့် မြို့တွင်းမှာရှိနေတဲ့ တံတားတစ်စင်းဟာ တံတားတိုင်များ ရှုပ်ထွေးနေပြီး ရေကြောင်းလမ်းကိုပါ ပိတ်ဆို့နေတဲ့အတွက် တံတား၏ ဥပဓိရုပ်လည်း မကောင်းပါဘူး။ သစ်သားတံတားကိုဖြိုဖျက်ပြီး သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ တံတားကန်ကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်း (၈)မိုင်ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ တံတားကန်ကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်း (၈)မိုင်ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်း

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်။ ကျွန်မ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ပင်းတယမြို့နှင့် ရွာငံမြို့မှာရှိတဲ့ ဓနုတိုင်းရင်းသားတွေဟာ လူဦးရေ (၈၅) ရာခိုင်နှုန်းရှိတဲ့အတွက် ကျွန်မတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ တခြားအရပ်ဒေသတွေမှာလည်း ဓနုတိုင်းရင်းသားတွေ ပျံ့နှံ့နေထိုင်လျက်ရှိပါတယ်။ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စုမှာရှိတဲ့ သရက်ပင်လှရွာနှင့် ပတ်ဝန်းကျင် (၂)မိုင်၊ (၃)မိုင်ခန့်ရှိတဲ့ရွာ၊ ကျေးရွာပေါင်း (၁၂)ရွာမှာလည်း ဓနုတိုင်းရင်းသားတွေ နေထိုင်ပါတယ်။ ပြီးရင် သရက်ပင်လှရွာကနေ (၅)မိုင် (၆)မိုင်လောက်သွားရင် ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ ဓနုတိုင်းရင်းသားရွာတွေအားလုံး ပေါင်းရင် ရွာပေါင်း(၃၀)လောက် ရှိပါတယ်။

အဲဒီကျေးရွာတွေမှာရှိတဲ့ ဓနုတိုင်းရင်းသားတွေဟာ ကျွန်မတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ အမျိုးသားရေးအစည်းအဝေးတွေ၊ အမျိုးသားရေး ဆွေးနွေးပွဲတွေ၊ ရိုးရာယဉ်ကျေးမှုပွဲတွေ၊ ဓနုဆုံစည်းရာနေ့ အခမ်းအနားတွေကို လာရောက်ရတဲ့အခါမှာ သရက်ပင်လှရွာကနေ ရေပူကို(၈)မိုင် ခရီးလာရပါတယ်။ ရေပူကျေးရွာကနေ ရွှေညောင်မြို့ကို(၁၂)မိုင်၊ ရွှေညောင်ကနေ ဟဲဟိုးကို (၁၂)မိုင်၊ ဟဲဟိုးကနေ ပင်းတယကို (၂၂)မိုင်၊ စုစုပေါင်း (၅၄)မိုင် ခရီးရှည်ပါတယ်။ တကယ်လို့ သရက်ပင်လှရွာကနေ ကလောမြို့နှင့် ဘော်ဆိုင်းကျေးရွာအုပ်စုမှာရှိတဲ့ တံတားကန်ရွာဟာ လမ်းခရီး (၈)မိုင်ပဲရှိပါတယ်။ အဲဒီ (၈)မိုင် လမ်းခရီးကို မြေသားလမ်း ဖောက်လုပ်ပေးလိုက်မယ်ဆိုရင် တံတားကန်ရွာရောက်ရင် တံတားကန်ရွာနှင့် ကျွန်မတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက (၅)မိုင်၊ (၆)မိုင် လောက်ပဲဝေးပါတော့တယ်။

ဒါကြောင့် (၁၃)မိုင်နဲ့ ကျွန်မတို့နယ်ထဲကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ (၅၄)မိုင်ခရီးကို ကွေ့ဝိုက်သွားနေရတဲ့ ကျွန်မတို့ ဓနုတိုင်းရင်းသားတွေဟာ နီးလျက်နှင့်ဝေးနေတဲ့အတွက် ကျွန်မတို့ အမျိုးသားရေးကိစ္စတွေ လာရောက်နိုင်ဖို့အတွက် ခရီးတိုအတွင်းမှာ အချိန်တိုတိုနှင့် ကျွန်မတို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်အတွင်းကို ရောက်ရှိလာနိုင်စေဖို့ သရက်ပင်လှကျေးရွာကနေပြီးတော့မှ တံတားကန်ရွာအကြား(၈)မိုင် မြေသားလမ်းဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ လားရှိုးမြို့သို့ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်မည့် သံလွင်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွင်းရှိ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ ကွမ်းလုံမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်နိုင်မည့် သံလွင်မြစ်ကူး တံတား တည်ဆောက်လိုသည့်နေရာသည် ဟိုပန် - မော်ဟွေ့ - နောင်ဟော့ - ဟတ်လုံး ကျေးရွာချင်းဆက် လမ်းကြောင်းပေါ်တွင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ဟိုပန်ခရိုင်အတွင်းတွင် ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးများပေါ်တွင် တံတားခံနိုင်ဝန် (၂၅)တန်အထိ ဖြတ်သန်းထားသော သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတားနှင့် တံတားခံနိုင်ဝန်(၃၆)တန်အထိ ဖြတ်သန်းခွင့်ပြုထားသော နမ့်တိန်တံတားတို့မှာ လက်ရှိအသုံးပြုလျက်ရှိသော တံတားများဖြစ်ပါတယ်။

အဆိုပါ တံတားနှစ်စင်းအပြင် သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတား၏ အထက်ဘက် Upstream တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ Grant Aid အစီအစဉ်နှင့် တံတားအသစ်တစ်စင်း စတင်တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိနေပါပြီ။ ဒါကြောင့်မို့လို့ ဟိုပန် - မော်ဟွေ့ - နောင်ဟော့ - ဟတ်လုံး လမ်းကြောင်းမှ ကွမ်းလုံသို့ ဆက်သွယ်သွားလာနိုင်မည့် တံတားအသစ်တစ်စင်း လုပ်ငန်းအား လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကုန်သည်တန်း - ဗန္ဓုလချောင်း သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးမြို့၊ ကုန်သည်တန်းရပ်ကွက်နှင့် ဗန္ဓုလရပ်ကွက်ကြားမှာရှိတဲ့ ကုန်သည်တန်း - ဗန္ဓုလချောင်းကူး သစ်သားတံတားသည် အရှည်(၁၃၅)ပေ၊ အကျယ်(၁၂)ပေ၊ အမြင့်(၂၀)ပေရှိပြီး ကွန်ကရစ်ရေလယ်တိုင်၊ သစ်သားကြမ်းခင်းတို့နှင့် တည်ဆောက်ထားသော တံတားဖြစ်ပါတယ်။ ရေစီးရေလာကောင်းမွန်စေရန်အတွက် တံတားရေလယ်တိုင်များအား ဖြိုဖျက်၍၊ ရေလယ်တိုင် Bored Pile, Pier တိုင်တို့နှင့် ဆောက်ရွက်ပေးရန်လိုအပ်ပြီး တံတားကြမ်းခင်းသည် သစ်သားကြမ်းခင်းဖြစ်နေ၍ သံကူကွန်ကရစ် ကြမ်းခင်းအဖြစ် ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင်

လျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ကလောမြို့နယ်၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ တံတားကန်ကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်း (၈)မိုင်ကို ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ တံတားကန်ကျေးရွာသို့ ဆက်သွယ် ထားတဲ့လမ်းသည် စုစုပေါင်း (၈)မိုင်လောက်ရှိပြီးတော့ လက်ရှိမှာတော့ ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်းစာရင်းမှာ မပါသေးပါဘူး။ ဒါကြောင့်မို့လို့ အဆိုပါလမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစွာ ပထမ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြသွားရန်လိုအပ်ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်းသို့ ပါဝင်လာပြီ ဆိုပါက ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၃-၁-၂၀၁၈ ရက်နေ့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ၂၁-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့

လွှတ်တော်က ပေးပို့လာသောပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၃ - ၈ -၂၀၁၈ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်ကြိုတင်ပြီးတော့လည်း အသိပေးထားလိုပါတယ်။ ကျွန်တော်တို့ ပေးထားတဲ့အချိန်ဟာ (၆)မိနစ် ဖြစ်ပါတယ်။ (၆)မိနစ်အတွင်းမှာ ကိုယ်ဆွေးနွေးမယ့် ပုဒ်မတွေ၊ အပိုဒ်၊ အပိုဒ်ခွဲတွေကို လိုရင်းလေးကို တိတိကျကျ အပိုစာသားမပါဘဲ ဆွေးနွေးပေးစေချင်ပါတယ်။ ဒါ ကြိုတင်ပန်ကြားထားခြင်းဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၁။**

**ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဒီကနေ့ ပုလဲလုပ်ငန်းဥပဒေကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲဖို့ ခွင့်တောင်းခံအပ်ပါတယ်။

ပုဒ်မ ၈ ကို ကျွန်တော် ပြင်ဆင်ထားတာဖြစ်ပါတယ်။ ပုဒ်မ ၈(ဂ)မှာ ကျွန်တော်က ပုဒ်မ ၅ အရ ခွင့်ပြုသူသည် ခွင့်ပြုမိန့်ရရှိသူသည် မွေးမြူထားသည့် ပုလဲအရေအတွက် ၏ လေးပုံတစ်ပုံကို

နိုင်ငံတော်သို့ ပေးသွင်းရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၈ မှာက မူလဥပဒေက ၁၉၉၅ ခုနှစ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးက ပြဋ္ဌာန်းထားပြီးတော့ ပထမအကြိမ်ပြင်ဆင်တဲ့အခါမှာ ၂၀၁၄ ခုနှစ်မှာ ပြင်ဆင်ထားတဲ့အခါမှာ အဖွဲ့က ဝတ်ဆံတစ်ကြိမ် သွင်းရင် မုတ်ကောင်တစ်ကောင် ဝတ်ဆံတစ်ကြိမ်သွင်းရင် ကျပ်(၂၀၀၀)ပေးပြီးပြီဆိုရင် သူက ပုဒ်မခွဲ(စျ)အရ မည်သည့်အခွန်အခ၊ ပစ္စည်းမှ ပေးစရာမလိုတော့ဘူးလို့ ပြဋ္ဌာန်းထားတဲ့အတွက် ကျပ်(၂၀၀၀)ကို ကျွန်တော်တို့ အခု ၂၀၁၇ ခုနှစ် ပေ့ါနော်။ အခု ပြင်ဆင်တဲ့ ဥပဒေမှာတော့ ပုဒ်မ ၅ ပုဒ်မခွဲ(ခ)က ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အခကြေးငွေကို မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမယ်လို့ ဒါကိုပြင်ဆင်ထားတယ်။ ဒါကိုလည်း ကျွန်တော် ပယ်ဖျက်လိုက်တဲ့ဟာ အပေါ်မှာ လေးပုံတစ်ပုံပေးဆောင်ရမယ်လို့ ကျွန်တော် ပြင်ဆင်ထားတဲ့အတွက် အောက်က ၈(ဃ)ကို ကျွန်တော် ပယ်ဖျက်တာဖြစ်ပါတယ်။

အခကြေးငွေက ကျွန်တော်တို့က တစ်ကြိမ် ကျပ်(၂၀၀၀)ပေးပြီးပြီဆိုရင် မည်သည့် အခွန်အခမှ ပေးစရာမလိုတဲ့အတွက် နိုင်ငံတော်အတွက် အများကြီးနစ်နာပါတယ်။ ပုလဲတွေမွေးမြူတဲ့အခါမှာ ဝတ်ဆံတစ်ကြိမ် သွင်းပြီးတဲ့အခါတိုင်းမှာ (၈)လ သို့မဟုတ် တစ်နှစ်ပြည့်မှ မုတ်ကောင်ကိုပြန်ဖော်ရတာ အစာကျွေးစရာလည်း မလိုဘူး။ ကုန်ကျစရိတ်က သတ္တုတွင်းဝန်ကြီးဌာနလိုမျိုး အင်မတန်မှ နည်းပါးပါတယ်။ ဒါကြောင့်မို့ အခွန်အခကို ယူတဲ့အခါမှာ ထွက်ရှိလာတဲ့ ပုလဲအရေအတွက်ရဲ့ လေးပုံတစ်ပုံကို နိုင်ငံတော်ကို ပေးသွင်းရမယ်။ ပုလဲအလုံးရေဟာ မည်မျှပင် တန်နေစေကာမူ (၅)သောင်းဖြစ်ဖြစ်၊ (၁)သိန်းဖြစ်ဖြစ် အရေအတွက်ကိုပဲ ကျွန်တော်တို့က နိုင်ငံတော်ကို ပေးသွင်းရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ၈(စ)က ရေးထုံးပြင်ဆင်ထားတာဖြစ်ပါတယ်။ အောက်က ကျွန်တော် အသစ်ဖြည့်စွက်ထားတာက ပြည်ပမှ ဝယ်ယူလာသော ပုလဲတွေကို အခွန်ပေးပြီးရင် ပြည်တွင်းကို သယ်ဆောင်ခွင့်ရှိတယ်ဆိုတဲ့ ဟာကိုကျတော့ မြန်မာ့ပုလဲတွေကို ပြည်ပဈေးကွက်ဟောင်ကောင်မှာ ကျွန်တော်တို့ (၂၀)ရာခိုင်နှုန်းပေးပြီး သွားရောင်းရတယ်။ ရောင်းတဲ့အခါမှာ ပြည်တွင်းမှာရှိတဲ့ ပုလဲကုန်သည်တွေက ကျွန်တော်တို့ သွားဝယ်ရတယ်။ ပြည်ပကို။ ပြန်ဝင်လာတဲ့အခါကျတော့ အခွန်အခကို သတ်မှတ်ထားတာမရှိတဲ့အခါကျတော့ အခြားနည်းမျိုးစုံနဲ့ ပေးပြီးတော့ သူတို့အောက်လမ်းကနေပြီးတော့ သယ်ဆောင်လာရတာတွေရှိပါတယ်။ ကျွန်တော်တို့ အဂတိတွေပေးဆောင်ပေးပြီးတော့ သယ်ဆောင်လာရတာမဖြစ်အောင် လွတ်လပ်စွာ သယ်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့အခွန်တွေကို နိုင်ငံတော်ကို တရားဝင်ပေးဆောင်ပြီး သယ်ဆောင်ခွင့်ရှိတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါက ပုလဲရောင်းဝယ်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့က ပုလဲရောင်းဝယ်ရေးလုပ်ငန်းတာဝန်အခန်းမှာ ထည့်တာပါ။ ပုလဲရောင်းဝယ်ရေးလုပ်ငန်းတွေကို တရားဝင်ဥပဒေအရ လေလံတင်ရောင်းချခွင့်ရှိရန် ကျွန်တော်တို့ ကျောက်မျက်လေလံမျိုး ကျွန်တော်တို့ ရောင်းချခွင့်ရှိတယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်။ (ည)ကို ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ အောက်ကပုဒ်မကတော့ နောက်ဆုံးပုဒ်မပါ။ ဒါက ကျွန်တော် ရေးထုံးပြင်ဆင်ထားတာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေမှာ ကျွန်တော် ပုဒ်မ ၈၊ ပုဒ်မခွဲငယ်(ဈ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၄ တို့ကို ပြင်ဆင်လိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ပုလဲဟာ နေရာတိုင်းမှာ မထွက်ပါဘူး။ ရေငန်ရှိတဲ့ နေရာတိုင်းမှာ မွေးလို့မရပါဘူး။ ရေငန်ရှိပေမယ့် အီကွေတာနဲ့ တအားနီးတဲ့ နိုင်ငံတွေမှာ ဖြစ်တဲ့ ကျွန်တော် ဩစတြေးလျနိုင်ငံတို့ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ အဲဒီ(၄)ခုပဲ အဓိက ပုလဲထွက်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတောင် ရခိုင်ပြည်နယ်ဘက်မှာ မွေးလို့မရပါဘူး။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဘက်မှာပဲ မွေးလို့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သုတေသနအရဆိုရင် ကျွန်တော် ထားဝယ်ကနေ ကော့သောင်းအထိ ကြားထဲမှာ ကျွန်တော်တို့ ပုလဲထုတ်လုပ်တဲ့ မုတ်ကောင်ရှင်သန်နိုင်တယ်လို့ ဆိုလိုပါတယ်။ ဒါက ကျွန်တော်တို့ သဘာဝကပေးထားတဲ့ ကျွန်တော်တို့ ထူးခြားချက်ပါပဲ။ ပြီးတော့ ကျွန်တော်တို့ မြန်မာ့ပုလဲကို ကမ္ဘာကလည်းကြိုက်ပါတယ်။ ကမ္ဘာမှာ ဈေးကွက်ရှိပြီးသား နိုင်ငံခြားဝင်ငွေရတဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပုလဲဆိုတာ သတ္တုတို့လို ကျွန်တော်တို့ တခြားကျောက်မျက်တို့လိုမျိုး ပြန်လည်မရတဲ့ဟာ မဟုတ်ဘဲနဲ့ ပြန်လည်ပြည့်ဖြိုးတဲ့ သယံဇာတဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေနဲ့လုပ်ငန်းကို အားပေးသင့်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းတွေကို ကျွန်တော်တို့ ဖော်ဆောင်ရန်အတွက် ဥပဒေမှာ ထည့်သွင်းရေးဆွဲသင့်ပါတယ်။

ကျွန်တော်ပြင်ဆင်ချင်တာကတော့ အပိုဒ် ၇ ပါ။ ပုဒ်မ ၈ ပုဒ်မခွဲငယ် (ဈ)မှာ ဘာလဲဆိုတော့ အဲဒီ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်ဆိုတဲ့ အပိုဒ်ကို ကျွန်တော် ထပ်မံဖြည့်စွက်ချင်ပါတယ်။ အစားထိုးချင်ပါတယ်။ အခြားသော သယံဇာတ ထုတ်လုပ်မှုများမှာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်ပေးရတာရှိပါတယ်။ ဥပမာအားဖြင့် သတ္တုလုပ်ငန်းဆိုရင် (၂)ရာခိုင်နှုန်းလောက်အထိ ဆောင်ရွက်ပေးရတာတွေရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာလည်း သဘာဝ အရင်းအမြစ်များ ထုတ်ယူရာမှာ ရရှိလာသည့် အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမူနှင့် အညီ ဒေသအလိုက် မျှတစွာ ခွဲဝေခံစားခွင့်ရှိစေရမည်ဆိုတဲ့ အပိုဒ် ပါ ပါတယ်။

နောက်တစ်ခု ကျွန်တော် အပိုဒ် ၈၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲငယ်(က)ကို ကျွန်တော် ပြင်ဆင်ချင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်၊ မုတ်ခွက်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်လို့ ကျွန်တော်တို့ ပြင်ဆင်ချင်ပါတယ်။ ပုလဲထုတ်တဲ့နေရာမှာ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ကျတော့ ငါးဖမ်းလုပ်ငန်းတွေရှိတယ်။ ပြီးတော့ ရေပြင်ကို မှီခိုနေကြတဲ့ ဆလုံတိုင်းရင်းသားတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မုတ်ခွက် သတ်မှတ်တဲ့နေရာမှာ စားပွဲပေါ်ကနေပြီးတော့ သတ်မှတ်လိုက်တဲ့ အခါကျရင် တကယ့်ဒေသတိုင်းရင်းသားတွေနဲ့ အဆင်မပြေတာမျိုးရှိပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးရဲ့ သဘောထားမှတ်ချက်ကို ရယူပြီးမှ မုတ်ကောင်၊ မုတ်ကွက်ကို သတ်မှတ်သင့်တယ်လို့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။

နောက်ပုဒ်မ ၁၃၊ ပုဒ်မခွဲငယ်(ဂ)ပါ။ မုတ်ကောင်၊ မုတ်ကွက်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်ဆိုတော့ ကျွန်တော် ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းဒေသကြီးရဲ့ ကိုယ်စားလှယ်ပါဝင်မှသာ ဘယ်နေရာကတော့ မုတ်ကွက် သတ်မှတ်လို့ရမယ်၊ ဘယ်နေရာကတော့ လုပ်သင့်တယ်၊ မလုပ်သင့်တယ်ဆိုတာ အဲဒါ တကယ့်မြေပြင်မှာ သိမှာမို့လို့ပါ။ နောက်တစ်ခုက ကျွန်တော် ပုဒ်မ ၁၄ ပါ။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်၊ မုတ်ကွက်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်ဆိုတာကလည်း ခုနက အပိုင်းပါပဲ။ ဘာလို့လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာလည်း ကျွန်တော်တို့ လွတ်လပ်ခြင်း၊ တူညီသောအခွင့်အရေး ရရှိခြင်း၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေးတို့နှင့် ပြည့်စုံသော စစ်မှန်သည့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်မည်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့ အဲဒီပုဒ်တွေကို ပြင်ဆင်ချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာ ကော်မတီ)က တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမယ် ဖြစ်ပါတယ်။ ဒီမှာလည်း အထက်ကလို ကျွန်တော် တင်ပြသလိုပဲ လိုရင်းကိုပဲ ဆွေးနွေးကြဖို့ အသိပေးပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အပါအဝင် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်ဆွေးနွေးမှာကတော့ အမျိုးသားလွှတ်တော်က ဦးဘမျိုးသိန်း တင်သွင်းတဲ့ ဥပဒေကြမ်းဖြစ်တဲ့ မြေသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥပဒေကြမ်းဟာ လွတ်လပ်ရေးမရခင် လွန်ခဲ့တဲ့ (၅၄)နှစ်က ၁၉၄၈ ခုနှစ်၊ လောက်ကတည်းက ပြဋ္ဌာန်းတဲ့ မြေသိမ်းဥပဒေဆိုတဲ့ The Land Acquisition Act ဥပဒေကို ယခုနှစ် ၂၀၁၈ ခုနှစ် ရောက်မှ နှစ်ပေါင်း (၁၂၄)နှစ်ကြာမှ မြေသိမ်းဥပဒေကို ဖျက်သိမ်းရန်အတွက် အမျိုးသားလွှတ်တော် တောင်သူ လယ်သမားရေးရာကော်မတီရဲ့ အားထုတ်ကြိုးပမ်းမှု ရည်ရွယ်ချက်မှန်ကန်စွာနဲ့ ရေးဆွဲလို့ မြေသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း ဥပဒေကြမ်း ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းဟာ မြေသိမ်းဆည်းတဲ့ လုပ်ငန်းစဉ်တွေမှာ တောင်သူလယ်သမားနဲ့ နိုင်ငံတော်မှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားများရဲ့ အကျိုးအတွက် ရည်ရွယ်ပြီးတော့ တည်ဆဲဥပဒေများနှင့်အညီ မြေကိုသိမ်းဆည်းမယ်။ ဒါအပြင် သိမ်းဆည်းခံရတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မယ်။ ဒါတင်မကသေးဘူး။ ပြန်လည်နေရာချထားပေးတာတွေ ပြန်လည်ထူထောင်ရေးလုပ်တဲ့ ကိစ္စတွေမှာ အခြေခံလူနေမှုဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အထွေထွေ ကုန်ကျစရိတ်တွေကိုပါ ထည့်သွင်းရေးဆွဲထားတာကြောင့် လယ်ယာမြေကို မှီတင်းနေထိုင်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဥပဒေကြမ်းဟာ အားရဝမ်းသာ ကြိုဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကို တောင်းပန်ပြီးတော့ တင်ပြလိုတာက ဒီနေ့ဟာ ၈-၈-၂၀၁၈ ရက်နေ့ဖြစ်တာကြောင့် မြန်မာနိုင်ငံပြည်သူများဟာ နိုင်ငံရေးအရ တစ်ပါတီ အုပ်ချုပ်မှုစနစ်ကနေပြီး အုပ်ချုပ်တာကို ဆန့်ကျင်ဆန္ဒပြတဲ့ ၈၈၈၈ ကမ္ဘာသိ သုံးဆယ်ပြည့်နှစ်လည်း ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံတစ်ဝန်းလုံး မြို့နယ်တိုင်းမှာ ကျင်းပနေတဲ့ ---------------------

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး ကျွန်တော်ပြောတာ ဘယ်ပုဒ်မ ကိုယ်စားလှယ်ကြီး ဆွေးနွေးမယ့် ပုဒ်မကို ဆွေးနွေးမယ့် ပုဒ်မကိုပဲပြော။ ဒါကြောင့် ကျွန်တော် စောစောကတည်းက ကျွန်တော် ပန်ကြားထားပါတယ်။ အရေးကြီးတာကတော့ ဥပဒေကြမ်း ဆွေးနွေးတာပါ။ ပေးထားတဲ့ အချိန် (၆)မိနစ်ထဲ ပေးထားတာပါ။

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ပြန်ပြောပေးပါမယ်။ ကိုယ်စားလှယ်များဟာ ဒီလို မင်္ဂလာရှိတဲ့နေ့မှာ အခမ်းအနားကြီးထဲကို ရောက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တိုင်းရင်းသားလယ်သမား ပြည်သူများနဲ့ ပြည်သူတို့ရဲ့ မတရားသိမ်းဆည်းခြင်းကနေ ကာကွယ်နိုင်တဲ့ ဥပဒေကြမ်းကို တင်နိုင်ခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဂုဏ်ယူကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၁၃) ပြစ်မှု၊ ပြစ်ဒဏ် ပြဋ္ဌာန်းချက် ပုဒ်မ ၆၃ မှာ ပုဒ်မခွဲ(က)နှင့်(ခ)ကို ပြတာ။ အဲဒီပြဋ္ဌာန်းထားတဲ့အထဲမှာ အပိုဒ် (က)မှာက ဥပဒေရဲ့ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိတဲ့အဖွဲ့ ဒါမှမဟုတ်ရင် ပုဂ္ဂိုလ် ဒါတွေကို ဟန့်တားရမယ်၊ နှောင့်ယှက်ရမယ် ပိတ်ပင်တားဆီးမယ်ဆိုရင် ထောင်ဒဏ် (၃)နှစ်အထက်မပိုတဲ့ ဒဏ်နဲ့ ကျပ်ငါးသိန်း မပိုတဲ့ ငွေဒဏ်တွေချဖို့ ပြဋ္ဌာန်းထားတယ်။ အဲဒီ အပိုဒ်ခွဲ(က)မှာပဲ အထက်ပါ (၃)မျိုးအပြင် လက်ရောက်မှု (Assaults)ရာဇဝတ်မကင်းတဲ့ အနိုင်ထက်မှု Criminal Forces တွေကိုပါ ပြစ်မှုမှာ မကျန်အောင်ထည့်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၃၅၃ ဝတ္တရား နှောင့်ယှက်မှုနဲ့ အရည်အသွေးနဲ့ တူပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၃၅၃ ပြစ်ဒဏ်နဲ့ (၂)နှစ်အထိပဲ သတ်မှတ်ထားတာကြောင့် ရာဇသတ်ကြီးပုဒ်မမှာ ပြဋ္ဌာန်းတဲ့ (၂)နှစ်ကို အခုဥပဒေကြမ်းရဲ့ ပုဒ်မ ၆၃(က)မှာ ကျူးလွန်ခဲ့လို့ရှိရင် ထောင်ဒဏ်(၃)နှစ်အစား (၂)နှစ်ကို ပြင်ဆင်သင့်ပါတယ်လို့ ဒဏ်ငွေကို တော့ အထူးဝေဖန်စရာ မလိုပါဘူးလို့ ပြောကြားရင်းနဲ့ အားလုံးကို ကျေးဇူးတင်ကြောင်း နိဂုံးချုပ် ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ဆွေးနွေးမှာကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း တင်သွင်းတဲ့ ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးအကြံပြုမှာပါ။

ပထမဦးဆုံး ကျွန်တော် ဆွေးနွေးချင်တဲ့ ကိစ္စကတော့ ပုဒ်မ ၁၃(ဂ)အဖြစ် အသစ်ဖြည့်စွက် ပြဋ္ဌာန်းချင်ပါတယ်။ ပုဒ်မ ၁၂ မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရက အစိုးရဌာနအဖွဲ့အစည်းမှ သင့်လျော်သောပုဂ္ဂိုလ်များ ကျွမ်းကျင်သူများပါဝင်သည့် မြေပြင်ကွင်းဆင်းရေး၊ ဖွဲ့စည်းရေး၊ စစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၃ မှာတော့ အဲဒီ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကို ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့်လို့ အဲဒီ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်တွေကို အစီရင်ခံစာ တင်ပြရမယ်ဆိုတဲ့အပိုင်းက မပါဘူးဖြစ်နေပါတယ်။ ဒါကြောင့် ပုဒ်မ ၁၃(ဃ)မှာ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်း စစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ပြန်လည်အစီရင်ခံ တင်ပြရမယ်လို့ ဖြည့်စွက်ချင်ပါတယ်။

ဒုတိယဖြည့်စွက်ချင်တာတော့ ပုဒ်မ ၁၅ ပါ။ ပုဒ်မ ၁၅(ဂ)အဖြစ် ကျွန်တော် အသစ်ဖြည့်စွက် ပြဋ္ဌာန်းချင်ပါတယ်။ ပုဒ်မ ၁၅ ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ဆိုပြီးတော့ ခြေဆင်းက ဒီလိုရေးထားပါတယ်။ အဲဒီမှာ ကျွန်တော်က

ပုဒ်မ ၁၅(ဂ)အဖြစ် ဘယ်လိုဖြည့်စွက်ချင်လဲဆိုတော့ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်သူများ၊ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ဖွဲ့စည်းရေးတို့ ဖွဲ့စည်းမည့် အဆိုပြုချက် လျာထားမှုကို တစ်ပါတည်း တင်ပြရမယ်လို့ ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ ဒါမှလည်း ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်တွေဟာ မြန်ဆန်သွက်လက်ပြီးတော့ အားလုံးပါဝင်နိုင်မယ့် အခြေအနေတစ်ရပ်ကို ဖြစ်မှာမို့လို့ ဖြစ်ပါတယ်။

တတိယအနေနဲ့ ကျွန်တော် ဆွေးနွေးအကြံပြုချင်တာကတော့ ပုဒ်မ ၁၇ မှာ ကျွန်တော် ဖြည့်ချင်လို့ပါ။ ပုဒ်မ ၁၇ (ဃ)မှာ ဘယ်လိုပြဌာန်းထားလဲဆိုတော့ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ယင်း၏ လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်ခြင်းမပြုမီ သိမ်းဆည်းရန် လိုအပ်သည့် မြေနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်သူနှင့် ညှိနှိုင်းပြီး ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေး အတွက် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာနအဖွဲ့အစည်းသို့ အကြောင်းကြားရမည်ဆိုပြီးတော့ ပါပါတယ်။ ဒါကတော့ ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက်ပါ။ ပုဒ်မ ၁၇(င)မှာကျတော့ မြေသိမ်းဆည်းရန် အဆိုပြု သည့်ဌာနအဖွဲ့အစည်းက အဆိုပြုသည့်မြေကို ဝယ်ယူရေးအတွက် မြေပိုင်ဆိုင်သူနှင့် ညှိနှိုင်းသော်လည်း သဘောတူညီချက် မရသည့်အခါ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့က ယင်း၏လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်စေရမယ်ဆိုပြီးတော့ ပုဒ်မ ၁၇ အပိုဒ်(ဃ)နှင့် ပုဒ်မ ၁၇(င)မှာ ပြဌာန်းထားပါတယ်။

ပုဒ်မ ၁၇(င)ကတော့ ရှင်းပါတယ်။ သဘောမတူရင် မြေသိမ်းဆည်းမှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ဖို့ ပုဒ်မ ၁၇(ဃ)မှာ ကျွန်တော်တို့ ဖြည့်စွက်ဖို့ လိုအပ်ပါတယ်။ သဘောတူညီချက်ရလို့ရှိရင် ဘာတွေဆက်လက်ဆောင်ရွက်ရမယ်၊ ဘာတွေ ဆက်လက်တင်ပြရမယ်ဆိုတဲ့ အပိုင်းတွေ လိုအပ်နေပါတယ်။ ဒါကြောင့် ကျွန်တော် ပုဒ်မ ၁၇ မှာ ပုဒ်မ ၁၇(စ)မှာ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)အရ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာနသည် ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက် မြေပိုင်ဆိုင်သူများနှင့် ညှိနှိုင်းရရှိမှုကို မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ ညှိနှိုင်းသဘောတူစာချုပ်နဲ့တကွ တင်ပြရမည်လို့ ကျွန်တော်ဖြည့်စွက်ချင်ပါတယ်။ တစ်ပါတည်းပဲ ပုဒ်မ ၁၇(ဆ)အဖြစ် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် တင်ပြလာသည့် ညှိနှိုင်းသဘောတူစာချုပ်ကို မြေပိုင်ရှင်တို့၏ သဘောဆန္ဒနှင့်အညီ ချုပ်ဆိုခြင်း ဟုတ်၊ မဟုတ် စစ်ဆေးရမယ်လို့ ကျွန်တော် ပြဌာန်းချင်ပါတယ်။ အတင်းအဓမ္မ၊ အတင်းအကြပ် လက်မှတ်ထိုးခိုင်းပြီးတော့ စာချုပ် ချုပ်ဆိုတာမျိုးတွေ ဖြစ်လေ့ဖြစ်ထရှိလို့ပါပဲ။ ဒီလိုပါပဲ ပုဒ်မ ၁၇(ဇ)မှာ မြေပိုင်ရှင်တို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ချုပ်ဆိုသော ညှိနှိုင်းသဘောတူ စာချုပ်ဖြစ်ပါက ယင်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီဆိုပြီးတော့ ဆက်လက်ပြီး တင်ပြဖို့လည်း ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။

နောက်ဆုံး ပုဒ်မ ၁၇(ဈ)မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီသည် မြေသိမ်းဆည်းပေးရန် အဆိုပြုသည့် ဌာနအနေဖြင့် မြေအမည်ပေါက်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမယ်ဆိုပြီးတော့

ပုဒ်မ ၁၇ မှာ အပိုဒ်ခွဲငယ်လေးခုကို ကျွန်တော် ဖြည့်စွက်ပြဋ္ဌာန်းချင်ပါတယ်။ နောက်ဆုံး ကျွန်တော် ပြချင်တာကတော့ ဥပဒေကြမ်းမှာ စာစီတာ နည်းနည်းမှားသွားတယ်ထင်ပါတယ်။ ပုဒ်မ ၆၀ နဲ့ ပတ်သက်လို့ပါပဲ။ ပုဒ်မ ၆၀ မှာ ညွှန်းထားတာက ကျွန်တော်တို့ ပုဒ်မ ၅၈ အပိုဒ်ခွဲ(ဂ)မှ(စ)အထိ ကိစ္စရပ်များတွင် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းဆည်းခြင်းဖြစ်ပါက မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန အဖွဲ့အစည်းသည် မြေသိမ်းဆည်းမှု ကုန်ကျစရိတ်အရပ်ရပ်ကို ပြန်လည်တောင်းခံရမယ်ဆိုတော့ ပုဒ်မ ၅၈ မှာ အပိုဒ်ခွဲတွေ မပါပါဘူးခင်ဗျား။ ပုဒ်မ ၅၉ မှာပဲ (က)နေ (ဇ)အထိ ပါတဲ့အတွက် အဲဒီ ပုဒ်မ ၅၈ အစား ပုဒ်မ ၅၉ လို့ ပြောင်းရမှာပါ။ အဲဒါတော့ ကွန်ပျူတာမှားပြီး ရိုက်လို့ပဲဖြစ်မှာပါ။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားတဲ့ မြေသိမ်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ အခန်း(၁)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက ပုဒ်မ ၂ မှာ စတင်အသုံးပြုထားပြီး အများပြည်သူအကျိုးအလို့ငှာ ဆိုသည့်စကားရပ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်လုံးမှာ အဲဒီစကားရပ်ကို (၃၂)ကြိမ် အသုံးပြုထားတာတွေ့ရပြီး ပုဒ်မ ၃(ဆ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ပုဒ်မ ၂ တစ်ခုလုံးကို ပြန်ပြီး ရည်ညွှန်းထားတာ တွေ့ရပါတယ်။ ၎င်းပုဒ်မ ၂ ပါ ပြဋ္ဌာန်းချက်များသည် ကျယ်ပြန့်လွန်းနေလို့ မြေသိမ်းခွင့်ပေးထားမှာကို ကျွန်တော်တို့ စိုးရိမ်ရမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ ခုနက ဖော်ပြတဲ့ ကျွန်တော်တို့ အိန္ဒိယမြေသိမ်းဥပဒေမှာ ကာကွယ်ရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခွင့် ပေးထားသော်လည်း တိတိကျကျ ပြဋ္ဌာန်းထားပါသဖြင့် အခြားနည်းလမ်းများဖြင့် မြေယာအသုံးပြုခြင်းကို ကန့်သတ်ထားပြီးသားဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အခြားစီမံကိန်း လုပ်ငန်းများတွင်လည်း အားကစား၊ စာသင်ကျောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု စသဖြင့် တိတိကျကျ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ပုဒ်မ ၃(ဆ)မှာ ဖော်ပြပါအတိုင်း ပြင်ဆင်လိုပါတယ်ခင်ဗျား။

ယခင်ကာလများက ကျွန်တော် သိမ်းဆည်းထားခြင်းခံရတဲ့ မြေယာကိစ္စပြဿနာများ မဖြေရှင်းနိုင်သေးတဲ့ကာလမှာ ယခုအခြေအနေ အဓိပ္ပာယ်ကို ကျယ်ပြန့်စွာ ဖော်ပြထားခြင်းဟာ ကျွန်တော်တို့ မဲဆန္ဒနယ်ပြည်သူများအပေါ် စိုးရိမ်ဖွယ် ဖြစ်နေပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် ကျွန်တော် ဆွေးနွေးလိုတာကတော့ အခန်း(၃)၊ ပုဒ်မ ၅ နဲ့ ပုဒ်မ ၆ တို့ဖြစ်ပါတယ်။ အဲဒီမှာ ပြဋ္ဌာန်းထားတဲ့ ဗဟိုကော်မတီဖွဲ့စည်းပုံ လုပ်ငန်းလုပ်ပိုင်ခွင့်အာဏာကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ အခန်း(၅)၊ ပုဒ်မ ၂၇ ပြည်ထောင်စုအစိုးရ၏ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်သော လုပ်ပိုင်ခွင့်

အာဏာဖြစ်သည့် ပုဒ်မ ၂၈ ကို ကြည့်ခြင်းအားဖြင့်လည်းကောင်း အုပ်ချုပ်ရေးမဏ္ဍိုင်တွင် အလုံးစုံ ဆုံးဖြတ်ပိုင်ခွင့်ရှိနေတာကို တွေ့ရပါတယ်။ ထို့ကြောင့် အပြန်အလှန် ထိန်းကျောင်းခြင်းသဘောအရ လွှတ်တော်၏အခန်းကဏ္ဍကို ဖြည့်စွက်ရန် ကျွန်တော့်အနေဖြင့် အကြံပြုလိုပါတယ်။ ပြည်ထောင်စု အဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ မြေသိမ်းဆည်းရန် လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော်များသို့ တင်ပြ၍ အတည်ပြုချက်ရယူရန် အကြံပြုအပ်ပါတယ်ခင်ဗျား။ ထို့ကြောင့် ပုဒ်မ ၂၈(က)တွင် ဖော်ပြပါအတိုင်း ပြင်ဆင် ဖြည့်စွက်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေဖြင့် ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃ တို့အရ တရား စီရင်ရေး၏ အခန်းကဏ္ဍသည်လည်း အားနည်းနေတာ တွေ့ရပါတယ်။ သိမ်းဆည်းခံလယ်သမားများ အနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီသည့် သိမ်းဆည်းခံရမှုများအတွက် တရားရုံးတွင် အယူခံခွင့်မရှိဘဲ လျော်ကြေးအနည်း အများနှင့် မြေဧရိယာ အလွဲအမှားပေါ်တွင်သာ တရားရုံးတွင် လျှောက်ထား တောင်းဆိုနိုင်တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ပုဒ်မ ၄၁ နဲ့ ပုဒ်မ ၄၃ ကို ဖော်ပြပါ အတိုင်း ပြင်ဆင်လိုပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေဖြင့် ပုဒ်မ ၁၃(က)အရ (၇)ရက် ကြိုတင်အကြောင်း ကြား၍ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲမှ ကွင်းဆင်းစစ်ဆေးသည့်လုပ်ငန်းများအပေါ် တစ်စုံ တစ်ရာ နှောင့်ယှက်ဟန့်တား ပိတ်ပင်တားဆီးပါက အခန်း(၁၃)၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၅ အရ ထောင်ဒဏ် အသီးသီး ကျခံရမည်ဟု ဖော်ပြထားပါတယ်။ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူများအတွက် မြေယာ သိမ်းဆည်းရန် နောက်ဆုံး ဆုံးဖြတ်ချက် မချမီအချိန်အထိ မိမိတို့မြေပေါ်တွင် လွတ်လပ်စွာနေထိုင် လုပ်ကိုင် စီမံပိုင်ခွင့် ဆုံးရှုံးနိုင်မည့် ဖော်ပြပါ ပုဒ်မများဖြင့် အရေးယူခံရနိုင်သည့် စိုးရိမ်ဖွယ်အခြေအနေ ဖြစ်နေပါတယ်။ လက်ရှိမှာလည်း မြေယာသိမ်းဆည်းခံပြည်သူများ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် အမှု ရင်ဆိုင်နေရခြင်း၊ ဖမ်းဆီးအကျဉ်းချခံရခြင်းများရှိနေပြီး ဖော်ပြပါ ပုဒ်မများဖြင့် ပိုမိုများပြားလာနိုင် သည့် အခြေအနေဖြစ်နေပါတယ်။

ထို့ကြောင့် မြေယာသိမ်းဆည်းမှုနောက်ဆုံး ဆုံးဖြတ်ချက်မချမီအချိန်အထိ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိတို့မြေပေါ်တွင် လွတ်လပ်စွာ နေထိုင်လုပ်ကိုင် စီမံပိုင်ခွင့်ကို ကာကွယ်ပေးတဲ့ ဥပဒေတစ်ရပ်ကို ထည့်သွင်းသင့်ပါတယ်ခင်ဗျား။ ထို့ကြောင့် ပုဒ်မ ၆၃ တွင် အကျိုးထိခိုက် နစ်နာသူ များအနေဖြင့် မိမိတို့မြေပေါ်တွင် လွတ်လပ်စွာနေထိုင်လုပ်ကိုင် စီမံခန့်ခွဲခြင်းအား ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ပိတ်ပင်တားဆီးခြင်းဟု မှတ်ယူခြင်း မရှိစေရဟု ပြင်ဆင်ဖြည့်စွက်လိုပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ များ အထိုက်အလျောက်ပါဝင်မှု ရရှိခဲ့သည့် ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေယာအသုံးချမှုမူဝါဒ ပေါ်ထွန်း ခဲ့ပြီးဖြစ်သော်လည်း ၎င်းကိုအခြေခံသည့် ပြည်ထောင်စုမြေယာ ဥပဒေတစ်ရပ် ရှိမနေသေးပါ။ အဆိုပါ Umbrella Law မရှိသေးဘဲ ယခု ဥပဒေတွင် ဓလေ့ထုံးတမ်း မြေယာစနစ်ကို အဓိပ္ပာယ်ဖွင့်ရန် ကြိုးစားနေမှုများလည်း တွေ့ရပါတယ်။ Umbrella Law ဖြစ်သည့် National Land Law_သို့မဟုတ် ပြည်ထောင်စု မြေယာဥပဒေ ပေါ်ပေါက်လာပါက ထိုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဖို့ ထပ်မံ

လိုအပ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုလက်ရှိရေးဆွဲနေသည့် မြေယာဥပဒေများအစား ပြည်ထောင်စုမြေယာ ဥပဒေတစ်ရပ် ပေါ်ထွန်းရေးကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း ယခုမြေသိမ်းဥပဒေရဲ့ လိုအပ်ချက်များကို အကြံပြုဆွေးနွေး တင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။နှစ်(၃၀)မြောက် (၈၈) ဒီမိုကရေစီအရေးတော်ပုံကြီးကို ဦးညွှတ်အလေးပြုရင်းနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ဆင်းရဲနိမ့်ကျတဲ့ နိုင်ငံသားများဟာ ခေတ်အဆက်ဆက် ကျွန်သပေါက်များသဖွယ် မိမိပိုင် မြေယာများကို တရားမဲ့စွာ သိမ်းယူခြင်းခံခဲ့ရတဲ့အတွက် ဘဝပျက်ခဲ့ရတဲ့ မိသားစုတွေ နောက်နောင် ထပ်မံပြီးမပေါ်ပေါက်စေဖို့အတွက် တရားမျှတခြင်း၊ သာနာညီမျှခြင်း မွန်မြတ်တဲ့ ရည်ရွယ်ချက်များနဲ့ မြေသိမ်းခြင်း ကျွန်တော်တို့ ပြန်လည်နေရာချထားခြင်းနဲ့ ပြန်လည် ထူထောင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲတင်သွင်းခဲ့တဲ့သူတွေ အားလုံးကို ကျေးဇူးတင် လေးစားဂုဏ်ပြုပါတယ်။

ကျွန်တော့်အနေနဲ့ ပထမဦးဆုံး တင်ပြလိုတာကတော့ ဥပဒေဟာ ကျွန်တော်တို့ အနှစ်သာရအားဖြင့် အင်မတန်ကောင်းပေမယ့်လည်း ကျွန်တော်တို့ စာလုံးများ အပ်ကြောင်းထပ်ပြီးတော့ ဖောင်းပွနေတာတွေလည်း တွေ့ရပါတယ်။ အဲဒါတွေကတော့ ပုဒ်မ ၂၊ ပုဒ်မ ၃ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၇ တို့မှာ ဖြစ်ပါတယ်။ ကျွန်တော် အသေးစိတ်မပြောတော့ပါဘူး။

ဒုတိယ တင်ပြလိုတဲ့အချက်ကတော့ ပုဒ်မ ၉ မှာ အဆိုပြု တင်ပြတယ်ဆိုတဲ့ မြေသိမ်းချင်တဲ့လူဟာ ဘယ်သူမဆို တင်ပြနိုင်တယ်ဆိုတဲ့ဟာမျိုး မဖြစ်သင့်ပါဘူး။ ဌာန၊ အဖွဲ့အစည်းရဲ့ အကြီးအကဲ ဒါမှမဟုတ် ညွှန်ကြားရေးမှူးအောက် မနိမ့်တဲ့သူ ဖြစ်သင့်ပါတယ်။ အဲဒီလို ဖြစ်သင့်ပါတယ်။

နောက် တတိယတင်ပြလိုတဲ့အချက်ကတော့ ကျွန်တော်တို့ ပုဒ်မ ၁၈(ဃ)မှာ ကျွန်တော်တို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကနေ အသံချဲ့စက်နဲ့ ကျွန်တော်တို့ ကြေညာပေးဖို့ လိုပါတယ်။ ဒါမှသာလျှင် အားလုံးသိမှာပါ။ ကျွန်တော်တို့ တိုးတိုးတိတ်တိတ်နဲ့ လုပ်သွားတဲ့ဟာတွေကို ကျွန်တော်တို့ နားလည်ထားဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၂၃(က) မှာ ပုဒ်မ ၂၃(က)(၇) အနေနဲ့ အမှန်တကယ် စုံစမ်းကွင်းဆင်းစစ်ဆေးရမယ့်လူတွေက ကျွန်တော်တို့ ထိခိုက်နစ်နာတဲ့လူ အမှန်တကယ် ဟုတ်၊ မဟုတ် ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့ စိစစ်ဖို့လိုပါတယ်။ အဲဒီအချက် ဖြည့်ဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပုဒ်မ ၄၂ ပါ။ ကျွန်တော်တို့ ညှိနှိုင်းမှုကို မကျေနပ်တဲ့လူကို တရားရုံးကို လွှဲအပ်ပြီးတော့ လျှောက်လွှာတင်သွင်းရမယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဘယ်ဥပဒေအရလဲဆိုတာလည်း ဒီထဲမှာ မပါ ပါဘူး။ နောက်တစ်ခါ တရားမကြောင်းအရဆို ရုံးခွန်တို့

ဘာတို့က ဘယ်သူက ဆောင်မှာလဲ ဆိုတာလည်း ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ဖော်ပြဖို့လိုပါတယ်။ အဲဒီအပြင် တရားရုံးကို လျှောက်ထားရာမှာ အဖွဲ့ကနေပြီးတော့ တရားရုံးကို တင်ပြတဲ့အချက်ထဲမှာ အငြင်းပွားတဲ့ သဘောကွဲလွဲချက် ဆိုတဲ့ဟာကိုလည်း ပုဒ်မ ၄၂(ခ)၊ အပိုဒ် ၄ အနေနဲ့ ထပ်ဖြည့်ဖို့ လိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပုဒ်မ ၄၃(ဂ)ကိုလည်း ပယ်ဖျက်ဖို့လိုပါတယ်။ ဒါ တရားရုံးကို သွားပြီးတော့ ကန့်သတ်ရာရောက်နေတဲ့အတွက် ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပုဒ်မ ၅၉ မှာ ကျွန်တော်တို့ ယာယီမြေသိမ်းတဲ့ ဥပဒေမှာ (၃)နှစ်အတွင်း သိမ်းရမယ်လို့ပါတယ်။ တကယ်တမ်း နိုင်ငံတော်က အကြောင်းကြောင်း ကြောင့် (၃)နှစ်ပြည့်တဲ့အထိ ကိစ္စကို မရှင်းနိုင်ရင် ဘယ်လိုလုပ်မလဲ ဆိုတဲ့အချက်လည်း၊ (၃)နှစ် ပြည့်ပြီးသည့်တိုင် ပြန်လည်အပ်နှံခြင်း မပြုနိုင်ပါက ထိခိုက်နစ်နာသူများကို လျော်ကြေး၊ နစ်နာကြေးကို (၃)ဆ ကျွန်တော်တို့ တိုးမြှင့်ပေးဖို့ ဒါမှမဟုတ် အမြဲတမ်းမြေသိမ်းတဲ့ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ဖို့ ဆိုတဲ့ဟာမျိုး ဖြည့်စွက်ဖို့လိုပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံး တင်ပြလိုတာကတော့ ပုဒ်မ ၆၄ ပါ။ အများပြည်သူတွေကျတော့ ထောင်မချမနေရ ဆိုတဲ့ဟာမျိုး ပြဋ္ဌာန်းထားပြီးတော့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်တဲ့နေရာမှာ တာဝန်ပေးအပ်ခြင်းခံရတဲ့ အဖွဲ့ဝင်တွေက ဥပဒေနဲ့ မညီညွတ်တဲ့ ဆောင်ရွက်မှု များကျတော့ ဒဏ်ငွေနဲ့ ပြီးနိုင်တဲ့ဟာမျိုး ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဆိုတဲ့ဟာမျိုး ပြဋ္ဌာန်း ထားတဲ့အတွက် တရားမျှတမှု မရှိပါဘူး။

ဒါကြောင့်မို့လို့ ဒီလို မရိုးသားတဲ့ ဆောင်ရွက်တဲ့ဟာတွေ ခေတ်အဆက်ဆက် အများကြီးပဲ ရှိခဲ့ပြီးဖြစ်တဲ့ဟာကို ဟန့်တားနိုင်အောင် အဲဒီလိုလုပ်တဲ့လူတွေကို၊ မရိုးမသားနဲ့ တာဝန်ရှိ တဲ့လူတွေကို ကျွန်တော်တို့ အနည်းဆုံး ထောင်ဒဏ် (၆)လကနေ (၃)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်လို့ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ နောက်ထပ် ဖြည့်စွက်ချင်တဲ့ ပုဒ်မတွေ ကတော့ ပုဒ်မ ၈ ကိုလည်း ဖြည့်စွက်ချင်ပါတယ်။ ပြင်ဖို့ကတော့ ပုဒ်မ ၁၇(က)၊ ပုဒ်မ ၄၂(ဃ) တို့ကို လည်း ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

၁၀ ရက်(သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]